# WACE ဘာသာစကားသင်ယူခွင့် လျှောက်ထားမှု လုပ်ငန်းစဉ် – မိဘများ/အုပ်ထိန်းသူများအတွက်

## အချက်အလက်များ

WACE ဘာသာစကား သင်တန်းတွင် စာရင်းသွင်းလိုသော ကျောင်းသားအားလုံးသည် *WACE ဘာသာစကား သင်တန်းတွင် စာရင်းသွင်းခွင့် လျှောက်လွှာ* (*ဘာသာစကားသင်ယူခွင့် လျှောက်လွှာ*) ကို [ကျောင်းသားပေါ်တယ် (https://studentportal.scsa.wa.edu.au)](https://studentportal.scsa.wa.edu.au) မှတစ်ဆင့် ကျောင်း သင်ရိုးညွှန်းတမ်းနှင့် စံနှုန်းများဆိုင်ရာ အာဏာပိုင်အဖွဲ့ (အာဏာပိုင်အဖွဲ့) သို့ ပေးပို့ရန် လိုအပ်သည်။

Year 10* ရောက်သည့် ကျောင်းသားများက *ဘာသာစကားသင်ယူခွင့် လျှောက်လွှာ*ကို ဖြည့်စွက်နိုင်သည်။

*ဘာသာစကားသင်ယူခွင့် လျှောက်လွှာ*ကို ဖြည့်စွက်ရန် ကျောင်းသားသည် အိမ်တွင်ဖြစ်စေ၊ ကျောင်းတွင်ဖြစ်စေ ကွန်ပျူတာတစ်လုံးကို အသုံးပြုရန်လိုအပ်ပါမည်။ မေးစရာတစ်ခုခုရှိပါက ဘာသာစကား ဆရာမ သို့မဟုတ် ကျောင်း စီမံအုပ်ချုပ်ရေးအား မေးမြန်းပြီး အကူအညီရယူပါ။

## လိုအပ်သော အချက်အလက်များ

ကျောင်းသားက အောက်ပါအသေးစိတ်အချက်များကို ပေးရန်လိုသည်-

- မူကြိုမှစ၍ စာသင်နှစ်တစ်နှစ်စီအတွက် တက်ရောက်ခဲ့သည့် ကျောင်းများ
- သြစတြေးလျပြင်ပတွင် ကျောင်း(များ)တက်ရောက်ခဲ့သည့် နှစ်များအတွက် ကျောင်းတွင်း ကျောင်းသားတိုးတက်မှုမှတ်တမ်း(များ)
- ယခင်က နေထိုင်ခဲ့သော နိုင်ငံများ
- နိုင်ငံတွင်း လည်ပတ်မှု(များ)၏ အကြောင်းရင်း(များ)နှင့် ကြာချိန်အပါအဝင် ယခင်က လည်ပတ်/ခရီးထွက်/အားလပ်ရက်ကုန်ဆုံးခဲ့သည့် နိုင်ငံများ ယင်းတွင် လျှောက်ထားသည့် ဘာသာစကားနှင့် တူညီသော ဘာသာစကားကို ပြောဆိုသည့် နိုင်ငံများသာ ပါဝင်သည်
- ပြောဆိုရန် ပထမဆုံး သင်ယူခဲ့သည့် ဘာသာစကား(များ)
- ပြောနိုင်၊ ဖတ်နိုင်၊ ရေးနိုင်သော အခြား ဘာသာစကား(များ)
- မိဘ(များ) သို့မဟုတ် အုပ်ထိန်းသူ(များ)အပြင် မွေးချင်းများ၊ သူငယ်ချင်းများနှင့် ပြောဆိုသော ဘာသာစကား(များ)
- မိဘ(များ) သို့မဟုတ် အုပ်ထိန်းသူ(များ) ပြောဆိုသော ဘာသာစကား(များ)။

## အထောက်အထား စာရွက်စာတမ်းများ

ကျောင်းသားသည် ၎င်း၏ လျှောက်လွှာတွင် အပ်လုဒ်တင်ရန်အတွက် အောက်ပါ စာရွက်စာတမ်းများ၏ ဓာတ်ပုံ သို့မဟုတ် စကန်ဖတ်ထားပြီးသားကို ပေးရန်လိုသည်-

- ဖြည့်စွက်ထားသော *မိဘ/အုပ်ထိန်းသူ အသိအမှတ်ပြုမှု* ဖောင်ပုံစံ (မဖြစ်မနေလိုအပ်သည်)

- အခြားနိုင်ငံတွင် မွေးဖွားပါက သို့မဟုတ် ဩစတြေးလျပြင်ပတွင် နေထိုင်ခဲ့ပါက နိုင်ငံကူးလက်မှတ် အထောက်အထားစိစစ်ရေး စာမျက်နှာ
- ဩစတြေးလျပြင်ပရှိ ကျောင်း(များ)ကို တက်ရောက်ခဲ့ပါက နိုင်ငံရပ်ခြားကျောင်း၏ ကျောင်းသားတိုးတက်မှုမှတ်တမ်း(များ)
- လျှောက်ထားသည့် ဘာသာစကားနှင့် တူညီသော ဘာသာစကားကို ပြောဆိုသည့် နိုင်ငံများ သို့မဟုတ် နေရာများတွင် နေထိုင်ခဲ့ပါက သို့မဟုတ် အဆိုပါ နိုင်ငံများ/နေရာများသို့ မကြာခဏ ခရီးသွားလေ့ရှိပါက နိုင်ငံတကာ ခရီးသွားလာမှု မှတ်တမ်း(များ) (အာဏာပိုင်အဖွဲ့က တောင်းဆိုထားလျှင်)။

ဘာသာစကားသင်ယူခွင့် လျှောက်ထားမှု လုပ်ငန်းစဉ်နှင့် ပတ်သက်သည့် နောက်ထပ် အချက်အလက်များကို [WACE ဘာသာစကားသင်ယူခွင့် လျှောက်လွှာများ ဝဘ်စာမျက်နှာ (https://www.scsa.wa.edu.au/sirs-and-srms-info/srms-information/wace-language-applications](https://www.scsa.wa.edu.au/sirs-and-srms-info/srms-information/wace-language-applications)) တွင် တွေ့ရှိနိုင်သည်။

* ယင်းသည် Year 10 ရောက်ချိန်တွင် Year 11 ဘာသာစကား သင်တန်းကို တက်ရောက်ရန် လျှောက်ထားမည့် ပါရမီပါသော၊ ပင်ကိုအရည်အချင်းရှိသော/အတတ်မြန်သော Year 9 ဘာသာစကား ကျောင်းသားများနှင့်လည်း သက်ဆိုင်သည်။